**သင်ခန်းစာအလယ်တွင်–**

သင်ပြနေစဉ် သင်ကြားသင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့မဖြစ်လျှင် မည်သို့ပြုလုပ်မည်နည်း။

ကျောင်းသားများနားလည်သဘောပေါက်စေရန် အခြားအချက်အလက်များ လိုအပ်ပါကမည်ကဲ့သို့ပြုလုပ်မည်နည်း။

**သင်ခန်းစာအဆုံးတွင်–**

မျှော်မှန်းထားသည့်အတိုင်း သင်ကြားမှုရည်ရွယ်ချက်ပေါက်မြောက်မှု ရှိ-မရှိ။

ကျောင်းသားများရရှိရမည့် မှတ်မိမှု၊ နားလည်သဘောပေါက်မှု၊ အသုံးချတတ်မှု၊ တွေးခေါ်မှု၊ စိစစ်ပိုင်းခြားတတ်မှု၊ အကဲဖြတ်တတ်မှု၊ တီထွင်ဖန်တီးတတ်မှုရရှိခြင်းရှိ-မရှိ။

## (င) စာသင်ခန်းအဆင့် တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း

တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်း၏ ၉၀ % ကို ပြုလုပ်နိုင်သည်။ သင်ကြားခြင်းအောင်မြင်မှုရှိ မရှိအတွက် သင်ကြားနေစဉ်စစ်ဆေးပြီး ပြန်လည်ပြင်ဆင်သင်ကြားနိုင်သည်။ နောင်တွင်မည်ကဲ့သို့သင်ကြားသင့်၊ သင်ယူသင့်သည်ကို ခွဲခြမ်းသိရှိနိုင်သည်။ ထိရောက်သောသင်ကြားသင်ယူမှုရရှိရန် နည်းဗျူဟာများကို အစားထိုးအသုံးပြုနိုင်သည်။

စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းတွင်အောက်ပါနည်းများပါဝင်သည်။

**ကျောင်းသားဗဟိုပြုမှု** – ဆရာနှင့်ကျောင်းသားများသည် ဆရာကသင်ကြားခြင်းထက် ကျောင်းသားများကိုယ်တိုင်စူးစမ်းလေ့လာခြင်းနှင့် သင်ယူမှုပိုမိုတိုးတက်ရေးကို အလေးထားကြသည်။ ကျောင်းသားများသည် ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍မဟုတ်ဘဲ မည်သည်ကို သင်ယူရန် နားလည်ကြသည်။

**ဆရာ၏ စီစဉ်ဆုံးဖြတ်မှု**– မည်သည်ကိုစစ်ဆေးအကဲဖြတ်ပြီးရရှိသည့်အချက်အလက်များကို မည်ကဲ့သို့အသုံးပြုမည်ကို ဆရာက ဆုံးဖြတ်သည်။

**တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု** – ကျောင်းသားများသည် မည်သည့်အချက်ကို အလေးထားသင်ယူရန် နားလည်သဘောပေါက်လာပြီး မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှုကျွမ်းကျင်လာသည်။ နားလည်သဘောပေါက်မှုမှ စိတ်ဝင်စားမှုအား ပိုကောင်းလာပြီး သင်ယူလိုစိတ်မြင့်မားလာသည်။

**သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း** – ၎င်းသည် ဆရာနှင့်ကျောင်းသားတို့၏သင်ကြားသင်ယူမှုတိုးတက်မှုအခြေအနေကို သင်ကြားသင်ယူနေစဉ်တွင်ပင် သိရှိနိုင်သည်။ ထိုသို့ သိရှိခြင်းကြောင့် အားနည်းချက်များကို သင်ကြားသင်ယူနေစဉ်တွင်ပင် ကုစားနိုင်သည်။

ထို့ကြောင့် စစ်ဆေးအကဲဖြတ်လျှင် လေ့လာကြည့်ရှုခြင်း၊ မေးခွန်းများမေးခြင်း၊ ကျောင်းသားများကို သင်ယူမှုဂျာနယ် သို့မဟုတ် ရှင်းလင်းတင်ပြချက်နှင့် ပြုလုပ်သောလက်ရာပစ္စည်းများကို တင်ပြစေခြင်းများပြုလုပ်ပြီး သင်ကြားသင်ယူမှုကို ထိန်းညှိနိုင်သည်။

DRE BOX